ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း
National Community Driven Development Project
(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
ပန်းတောကျေးရွာ၊ပန်းတောကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ-------------------------------------------------------------------------------------------------------၂

၂။ ကမာကလုတ်ကျေးရွာအုပ်စုမြေပုံ ---------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ---------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -----------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA /PSA) အကျဉ်းချုပ် -----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၅

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ ------------------------------------------၁၆

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၇ မှ ၁၈

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၉ မှ ၂၀

၁၀။ကျေးရွာကော်မတီစာရင်း ----------------------------------------------------------------------------------------------၂၁

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ ----------------------------------------------------------------၂၂မှ ၂၄


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ---------------------------------------------------------------၂၅ မှ ၂၆

၁၃။ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် -----------------------------------------၂၇ မှ ၂၈

၁၃။ အစည်းအဝေးမှတ်တမ်းများ -------------------------------------------------------------------------------၂၉ မှ ၃၂

၁၄။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------------၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
တံတားမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ပန်းတော အုပ်စုမြေပုံ


ပန်တောကျေးရွာအုပ်စု အကွက်ချမြေပုံ
N
W
E
S
ရည်ညွှန်းချက်
နယ်နိမိတ်
နယ်မြေခြား
ကားလမ်း
ဘုန်းကြီးကျောင်း
စေတီ
စာသင်ကျောင်း
ရေကန်
ချောင်း

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ပန်းတောကျေးရွာ

၂။ကျွန်းကလေးကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ပန်းတောကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော်ကတည်ထောင်ခဲ့ပါသည်။ ယခင်က ပန်းများပေါသော နေရာဖြစ်သောကြောင့် ပန်းတောကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ ပန်းတောစုံပြကျေးရွာသည်အရှေ့ဘက်တွင် ကျွန်းကလေးရွာ၊ အနောက်ဘက်တွင် အင်ငူကျေးရွာ၊ မြောက်ဘက်တွင် ပါဒဝကျေးရွာ၊ တောင်ဘက်တွင် စားပို့ကွင်းကျေးရွာ တည်ရှိပါသည်။ကျောက်တန်းမြို့၏အရှေ့တောင်ဘက်တွင်တည်ရှိပါသည်။ပန်းတောကျေးရွာသည်အရှေ့နောက် စီးဆင်းနေသော မှော်ဝန်းချောင်းဘေးတွင်တည်ရှိပါသည်။ မြို့နယ်နှင့် (၃၆)မိုင်ကွာဝေးပါသည်။ ပန်းတောကျေးရွာတွင်လူဦးရေ(၃၀၃၄)၊အိမ်ထောင်စု(၇၄၃)၊အမျိုးသား(၁၅၂၄)၊အမျိုးသမီး(၁၅၁၀)ယောက်တို့ ရှိပါသည်။ ပန်းတောကျေးရွာတွင်ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုးအနည်းငယ် နေထိုင်ပါသည်။ ပန်းတောရွာသို့ကျောက်တန်းမှရေလမ်း၊ကုန်းလမ်းနှစ်မျိုးနှင့်ဆယ့်နှစ်ရာသီသွားလာရပါသည်။ရွာတွင်စိုက်ပျိုးမွေးမြူရေးနှင့်ရေယာဉ်မောင်းနှင်ရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။အဓိကစီးပွားရေးလုပ်ငန်းမှာစပါးစိုက်ပျိုးခြင်းနှင့်ရေယာဉ်မောင်းနှင်ရေးလုပ်ငန်းဖြစ်ပါသည်။ ရွာတွင် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ ဇရပ်များ၊ စာသင်ကျောင်းတစ်ကျောင်း၊မူကြိုကျောင်း၊ဆေးပေးခန်းနှင့်အုပ်ချုပ်ရေးရုံးရှိပါသည်။သောက်သုံးရေကန်(၁၁)ကန်ရှိပါသည်။လျှပ်စစ်မီးများကိုသာအသုံးပြုကြပါသည်။ပန်းတောကျေးရွာသည်အသင့်အတင့်ပြေလည်သောရွာကလေးတစ်ရွာဖြစ်ပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၄၀ | ၁၀၆ | ၁၀၅ | ၂၁၁ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀၀ | ၃၅ | ၆၅ | ၁၀၀ |
| မြေယာမဲ့ | ၇၀ | ၉၈ | ၁၁၂ | ၂၁၀ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတည်စိမ်း | ဝက် | ခြွေလှေ့စက် | ဆိုင်ကယ်ဝပ်ရှော့ |
| | ဆိတ် | စျေးဆိုင် | |
| | | စပါးအရောင်းအဝယ် | |
| | | ပဲတည်စိမ်းရောင်းအဝယ် | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၁၄ | ၈၂ | - | မရှိ | -/၁၁ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၃ | ၂၂ | ၆ | ၅ | - | ၁၅ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | ၁၈၆ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၁၇ | ၂၃၀ | ၆ | ၁၈ | ၈၂ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈ | ၅ | ၁၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၇ | ၁၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၅-၁၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၅ | ၆ | ၁၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၅-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၅ | ၁၀ | ၁၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၅-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၂ | ၂၀ | ၃၂ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၁၀ | ၁၉ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



### သုံးသပ်ချက်

ပန်းတောကျေးရွာအုပ်စု၊ပန်းတောကျေးရွာတွင်အိမ်ခြေစုစုပေါင်း(၆၉၁)အိမ်ရှိသည်။ပန်းတောကျေးရွာသည်မော်ဝန်းချောင်းဘေးတွင်တည်ရှိပါသည်။ကျေးရွာ၏အဓိကအလုပ်အကိုင်မှာလယ်ယာလုပ်ငန်းဖြစ်ပါသည်။မွေးမြူရေးများလည်းတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်ရေကန်(၁၁)ကန်ရှိပါသည်။ရေကောင်းရေသန့်ရရှိပါသည်။ကျေးရွာအတွင်းတွင်ဘုန်းကြီးကျောင်း(၁)ကျောင်းနှင့်ဇရပ်ဓမ္မာရုံ(၈)ရုံရှိပါသည်။စေတီ(၂)ဆူရှိပါသည်။စာသင်ကျောင်း(၁)ကျောင်းနှင့်ဆေးပေးခန်း(၁)ခုရှိပါသည်။ဆန်စက်(၆)ခုရှိပါသည်။ပန်းတောကျေးရွာတွင်ဘောလုံးကွင်း(၁)ခုနှင့်ဟိန္ဒူဘုရားကျောင်း(၂)ခုရှိပါသည်။မီးသဂြိုလ်စက်လည်းရှိပါသည်။ကျေးရွာတွင်ဈေးရောင်းဈေးဝယ်အနည်းငယ်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်းတွင်စပါးထွက်နှုန်းမှာနည်းသောကြောင့်စီးပွားရေးသိပ်အဆင်မပြေပါ။ အမျိုးသား၊အမျိုးသမီးလုပ်အားခ တန်းတူညီမျှမှုမရှိပါ။ ပုံမှန်အလုပ်အကိုင်မရှိသောကြောင့် စားဝတ်နေရေးအတွက် အဆင်မပြေပါ။

၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနအဆင့်သတ်မှတ်ဇယား

ပန်းတောကျေးရွာအုပ်စု၊ ပန်းတောကျေးရွာ ၂၆. ၁၁. ၁၇


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကူတို/၁၁မ၊ ဆိုင်ကယ်၊ ကား၊ လယ်ဧက၂၀အထက်၊ ကုန်စုံဆိုင်၊ လယ်ထွန်စက်၊ တိုက်ခံအိမ်၊ TV၊ ရေခဲသေတ္တာ၊ ထော်လာဂျီ၊ ပျဉ်ထောင်သွပ်မိုး၊ ဖုန်း | ၁၈၀ | ၂၅% |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုး၊ ဆိုင်ကယ်၊ TV၊ လယ်(၁၀)ဧကအထက်၊ ကုန်စုံဆိုင်၊ ဖုန်း | ၂၅၀ | ၃၄% |
| နွမ်းပါး | ဓနိမိုးထရံကာ၊ ဖုန်း၊ TV၊ ဆိုင်ကယ်၊ လယ်ဧက(၅)အထက်၊ စက်ဘီး၊ ကူလီလုပ်စားသူ | ၃၁၃ | ၄၁% |
| | စုစုပေါင်း | ၇၄၃ | ၁၀၀% |

ကျား - ၅ ဦး ပေါင်း - ၁၂ ဦး
မ - ၇ ဦး

**သုံးသပ်ချက်**

ပန်းတောကျေးရွာအုပ်စု၊ ပန်းတောကျေးရွာတွင် အိမ်ထောင်စု(၇၄၃)စု ရှိပါသည်။ ကျေးရွာတွင် ဆင်းရဲ၊ ချမ်းသာအဆင့်သတ်မှတ်ရာတွင် အလွန်ပြေလည်သော အိမ်ထောင်စုမှာ(၁၈၀) အိမ်ထောင်စုရှိပါသည်။ အလွန်ပြေလည်သော အိမ်ထောင်စုများ၏ပိုင်ဆိုင်မှုများမှာ-လယ်ထွန်စက်၊ရေခဲသေတ္တာ၊ ဖုန်း၊တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ လယ်ဧက(၂၀)ဧက၊ ကုန်စုံဆိုင်စသည်တို့ကို ပိုင်ဆိုင်ပါသည်။ အလယ်အလတ်အဆင့်တွင် ပျဉ်ထောင် သွပ်မိုး၊ ဆိုင်ကယ်၊ TV၊ လယ်(၁၀)ဧက၊ဖုန်း၊ ကုန်စုံဆိုင် စသည်တို့ကိုပိုင်ဆိုင်ထားပြီး နွမ်းပါးသောအဆင့်မှာ ဓနိမိုးထရံကာ၊ ဖုန်း။ TV၊ ဆိုင်ကယ်၊ လယ်(၅)ဧက၊စက်ဘီးတို့ကိုပိုင်ဆိုင်ကာ ကူလီလုပ်စားသူများလည်းရှိပါသည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလ်၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ်၊ တို့ကို မွေးမြူကြပါသည်။

**ရေလုပ်ငန်း** ကျားပိုက်၊ မျှောပိုက်၊ ကွန်ပိုက်၊ အဝိုင်းပိုက်တို့ကို တနှစ်ပတ်လုံးတနိုင်တပိုင် လုပ်ကိုင်ကြပါသည်။


**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေ အသင့်အတင့် ရှိသော်လည်း ကျန်လများတွင် အထည်ချုပ်၊ ကူးတို့၊ စက်လှေ၊စက်ရုံနှင့် ကျဘမ်း လုပ်ငန်းများကို လုပ်ကိုင်သူများသည် တနှစ်ပတ်လုံးဝင်ငွေရရှိပါသည်။

**ကျန်မာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**ပွဲတော်များ** တန်ခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်းဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**အားလပ်ချိန်** တန်ခူး၊ ကဆုန်၊ ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းလများတွင် လုပ်ငန်းအားလပ်ချိန်များဖြစ်ပါသည်။

**၄။ ဗင်းပုံစံသုံးသပ်ချက်။**




**သုံးသပ်ချက်**

ပန်းတောကျေးရွာတွင် သာရေး၊ နာရေးများတွင်ဦးဆောင်ပေးသည့် အဖွဲ့အစည်း(၃)ဖွဲ့ ရှိပါသည်။ ထိုအဖွဲ့များတွင်အဓိကကျသောအဖွဲ့အစည်းမှ နာရေးကူညီမှုအဖွဲ့၊ လူမှုရေးအဖွဲ့နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင် လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏အုပ်ချုပ်ရေးမှူးသည်

ကျေးရွာများ၏လမ်း၊ တံတားနှင့် အခြားဖွံ့ဖြိုးရေးကိစ္စများနှင့် ရပ်ရေးရွာရေးများကို ဦးဆောင်လုပ်ကိုင်ပေးပါသည်။ မီးသတ်အဖွဲ့သည် နွေအခါတွင် မီးကင်းလှည့်၍ ကြည့်သည်။ လော်စပီကာများဖြင့်ဟစ်ခြင်း၊ ကြော်ငြာပေးခြင်းများ ပြုလုပ်ပေးသည်။ အမျိုးသမီးရေးရာအဖွဲ့များသည် အဖွဲ့အစည်းအနေဖြင့်ပါဝင်ကူညီခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးသည်။ ပန်းတောကျေးရွာတွင် မြစိမ်းရောင်၊ ပက်(စ်)မြန်မာ၊ ဘီဂျီ နှင့် အေစီလီတာ ဟူ၍ ငွေချေးအဖွဲ့များသည်ရွာသူရွာသားများအား ချေးငွေထုတ်ပေးပါသည်။ ၂၀၁၇ခုနှစ်မှ စတင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာတွင် လိုအပ်လျှက်ရှိသော အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်းတို့ ကို ကျေးရွာလူထုနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ပန်းတောကျေးရွာတွင် အဖွဲ့အစည်းများသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးမှုရှိကြပါသည်။ တစ်ချို့သောအဖွဲ့အစည်းများအနေဖြင့် အရမ်းစည်းလုံးမှုရှိကြပါသည်။

**၅။ ပင့်ကူအိမ်သုံးသပ်ချက်။**



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်းရှိ အမျိုးသားများသည် အမျိုးသမီးများထက် လူမှုရေးလုပ်ငန်းများ၊ ရပ်ရွာအတွင်းရှိ အခြေခံအဆောက်အဦးများကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစသည်တို့တွင် အမျိုးသားများက ဆုံးဖြတ်ပိုင်ခွင့်ပိုမိုရရှိနေကြောင်း လေ့လာ သိရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာအတွင်းရှိ လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများတွင် ဓလေ့ထုံးစံအရ အမျိုးသားများကသာဦးဆောင်လုပ်ကိုင်နေ သည်ကို တွေ့ရပါသည်။

**ပညာရေး** အမျိုးသားနှင့် အမျိုးသမီးများသည် ပညာသင်ကြားခွင့် တန်းတူရှိသော်လည်း အမျိုးသမီးများက ပညာရေးကို ပိုမိုစိတ်ဝင်စားသောကြောင့် ပညာရေးတွင် အမျိုးသမီးများက အနည်းငယ်သာ လွန်နေသည့် တွေ့ရှိနိုင်သည်။

**အိမ်မှုကိစ္စ** အိမ်မှုကိစ္စလုပ်ငန်းများတွင် အမျိုးသမီးများအတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ကျေးရွာတွင်ရှိသော အလုပ်အကိုင်အများစုသည် အမျိုးသားများ လုပ်နိုင်သော အလုပ်များဖြစ်ခြင်းကြောင့် အိမ်မှုကိစ္စများကို အမျိုးသမီးသာ လုပ်ကိုင်လျှက်ရှိကြောင်းသိရှိရပါသည်။


**ကျန်းမာရေး** ကျန်းမာရေးအသိပညာတွင် အမျိုးသမီးများက အမျိုးများထက် ပိုမိုဗဟုသုတရှိသည်ကို တွေ့ရှိရပါသည်။


**အလုပ်အကိုင်အခွင့်အလမ်း** အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုတွင် အမျိုးသားများက အမျိုးသမီးများထက် အခွင့်အလမ်းပို ရှိနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများပိုမိုဖန်းတီးပေးသင့်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင် ဓလေ့ထုံးစံအရ အမျိုးသားများသည် သာမာန်အမျိုးသမီးများထက် အလုပ်လုပ်နိုင်သည့် စွမ်းရည်ရှိသောကြောင့် အမျိုးသားများသည့် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိပါသည်။ ထို့ကြောင့် ဝင်ငွေရရှိမှုတွင် အမျိုးသားများက သာလွန်ကြောင်း တွေ့ရပါသည်။

**ဘာသာရေး** ကျေးရွာအတွင်းရှိ အလှူအတန်းများနှင့် သီလဆောက်တည်ရာတွင် အမျိုးသမီးများက အမျိုးသားများထက် ဘာသာရေးကို ပိုမိုစိတ်ဝင်တစားဆောင်ရွက်နေကြောင်း သိရှိနိုင်ပါသည်။

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




အရင်းအမြစ်များသုံးစွဲမှုပုံစံဇယား
အုပ်စု - ပန်းတောကျေးရွာ
ကျေးရွာ - ပန်းတောကျေးရွာ
၂၆.၁၁.၁၇
ကျား
မ
ကျား + မ
စပါးရိတ်စက်
လယ်ထွန်စက်
ဆန်စက်
လယ်ယာမြေ
အပ်ချုပ်စက်
ဈေးဆိုင်
စာသင်ကျောင်း
ဖုန်း
ဆေးပေးခန်း
ဘုန်းကြီးကျောင်း
စာကြည့်တိုက်
ရေတွင်း/ရေကန်
ကား
မြစ်ချောင်း
ဆိုင်ကယ်
လမ်း
ကျား = ၅ ဦး
မ = ၆ ဦး
ပေါင်း - ၁၁ ဦး

## သုံးသပ်ချက်

**သုံးစွဲမှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ထွန်စက်၊ စပါးရိတ်စက်၊ ဆန်စက်၊လယ်ယာမြေ၊ စသည်များကို အမျိုးသားများက အများစု သုံးစွဲပါသည်။ အမျိုးသမီးများက အပ်ချုပ်စက်နှင့် ဈေးဆိုင်များသာ အများဆုံးသုံးစွဲကြပါသည်။ စာသင်ကျောင်း၊ ဖုန်း၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း၊ စာကြည့်တိုက် ၊ရေတွင်းရေကန်၊ကား၊ မြစ်ချောင်း၊ ဆိုင်ကယ်၊ လမ်း စသည်တို့ကို အမျိုးသား၊အမျိုးသမီးနှစ်ဦးစလုံးက အသုံးပြုပါသည်။

**ထိန်းချုပ်မှု** ကား၊ လယ်ယာမြေ၊ စပါးရိတ်စက်၊ ရေတွင်းရေကန်၊ ဆိုင်ကယ်၊ မြစ်ချောင်း၊ လယ်ထွန်စက်၊ လမ်း၊ ဘုန်းကြီးကျောင်း၊ ဆန်စက်စသည်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပြီး အမျိုးသမီးများက အပ်ချုပ်စက် ဈေးဆိုင်တို့ကို ထိန်းချုပ်ထားပါသည်။ဆေးပေးခန်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဖုန်းစသည်တို့ကို အမျိုးသား အမျိုးသမီးနှစ်ဦးစလုံးကထိန်းချုပ်ထားပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၆.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စီမံကိန်းမိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး
မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဇော်မျိုးဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်နွယ်နွယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကျော်မြင့် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဝင်းကျော်လွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ဟေမာအောင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးထွန်းသိန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ရှိန် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခိုင်နွေဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးခင်မောင်ဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်လှဲ့လှဲ့သင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်မြင့်စန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးကျော်ဆွေ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်စန်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးနေဝင်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်သန်းသန်းစိုး | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးဇင်မင်းကို | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်ကျား-၈ယောက် + မ-၈ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ ဒေါ်နွယ်နွယ် ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ
၂။ ဦးမြင့်ဦး ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ
၃။ ဒေါ်ပြုံး ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ
၄။ ဦးဇော်မျိုးဦး စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ
၅။ ဦးစိန်လှိုင် အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ
၆။ ဒေါ်ကျင်ငွေး အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ
၇။ ဒေါ်စန်းစန်းသွယ် အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ
၈။ ဦးအောင်ရဲသွေး အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ

မှတ်တမ်းတင်သူ

အမည် - ဒေါ်ညိုညိုဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး



ရက်စွဲ - ၂၆.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး မိုးပိုင် | ၀၉-၅၀၈၉၈၄၃ | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန် | ကျောက်တန်း | ပန်းတော | ပန်းတော |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၇၀၃ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၇၀၃ |
| လူမျိုးစု (၂) ---[illegible]--- | ၄၀ | ဘာသာ (၂) ---[illegible]--- | ၄၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | ဗုဒ္ဓ | ၅ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၀ | ဗုဒ္ဓ | ၇၀ |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၅၂၄ | ၁၅၁၀ |
| လူမျိုးစု (၁)---ဗမာ--- | ၁၃၉၆ | ၁၄၂၂ |
| လူမျိုးစု (၂)---[illegible]--- | ၁၂၈ | ၈၈ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၇၀ | ၇၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) တသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်ဘွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible]---

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစိုးမြင့်

လက်မှတ် [signature] နေ့စွဲ 26 . 12 . 2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ညိုညွန့်ဝင်း

လက်မှတ် [signature] နေ့စွဲ 26 . 12 . 2017

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ခင်ဝင်း | |
| နေ့စွဲ 26 . 12 . 2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် **ကျောက်တန်း** ၊ ကျေးရွာအုပ်စု မင်းတော ၊ ကျေးရွာ မင်းတော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ** | | **အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ** |
|---|---|---|---|
| ၁ | အမှိုက်ဖြစ်သည့်ရေဂျာ အခက်အခဲရှိ | ၁ | အလုပ်အကိုင် ရှားပါးခြင်း အခက်အခဲဖြစ်ခြင်း |
| ၂ | သွားလာရေး ခက်ခဲခြင်း | ၂ | သွားလာရေး အခက်အခဲ ဖြစ်ခြင်း |
| ၃ | သောက်သုံးရေကန် ပြုပြင်စည်းရိုး အခက် | ၃ | ပညာရေး အားနည်းခြင်း ခက်ခဲခြင်း |
| ၄ | အခက်ခဲရှိ | ၄ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၅ | ရေဆိုးကာတာ: မှုများ ကာကွယ်ရ | ၅ | ကျန်းမာရေး အသိပညာ အားနည်းခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | | **အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** |
|---|---|---|---|
| ၁ | အမှိုက်စနစ်တကျ စွန့်ပစ်နိုင်စေရန် | ၁ | အလုပ်အကိုင်များ ပေါများလာစေရန် |
| ၂ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်စေရန် | ၂ | ပျက်စီးနေသောလမ်းများ ကောင်းမွန်စေရန် |
| ၃ | သောက်သုံးရေ သန့်ရှင်းစေရန် | ၃ | ပညာရေး တိုးတက်လာစေရန် |
| ၄ | တံတား ချောင်းမြောင်းများ ပြုပြင်ရန် | ၄ | သောက်သုံးရေများ လုံလောက်လာစေရန် |
| ၅ | အိုးမဲ့ အိမ်မဲ့များ မြေနေရာရှိစေရန် | ၅ | ကျန်းမာရေး အသိပညာများ တိုးတက်လာစေရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းများပြုပြင် | ကျား + မ | 40000000 | 2024 |
| ၂ | ရေကန်ပြုပြင်စည်းရိုးကာခြင်း | ကျား + မ | 2500000 | 2024 |
| ၃ | အမှိုက်စွန့်ပစ်ကန် | ကျား + မ | 2000000 | 2024 |
| ၄ | စက်ရေတွင်းတူးဖော်ခြင်း | ကျား + မ | 4000000 | 2024 |
| ၅ | ကျောင်းအားကစားကွင်း | ကျား + မ | 400000 | 2024 |

ယခု လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စီးပွားရေးလုပ်ငန်းအတွက်ထောက် ပံ့ငွေရရှိရန်၊ | ကျား+မ | |
| 2 | စိုက်ပျိုးရေးနည်းပညာများ | ကျား | |
| 3. | ကျောင်းကမ်းပါးပြုပြင်ခြင်း | ကျား+မ | |
| 4. | ကျောင်း [illegible] ရှာဖွေခြင်း | ကျား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်နွယ်နွယ် လက်မှတ် [signature] နေ့စွဲ 26.12.2017

နောက်ဆက်တွဲ(၄) ပြဿနာအသေးစိတ်အချက်အလက်များအတွက် ဦးစားပေး ပြီးစီးရမည့်လုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှတ်သားသည်များ VPSC တွင်ထားရှိရမည့်အကြောင်းအရာများနှင့် ညှိနှိုင်းရန်အတွက် မိမိထံမှ TPIC သို့ပို့ရမည့်MIS data အချက်အလက် သွင်းရန် မလိုအပ်ပါ

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | ဆောင်ရွက်မှုကာလ (သို့) အချိန် | ပြင်ဆင်မှုမည်သူ ဆောင်ရွက် မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အမျိုး | ၁ | ချောင်းကမ်းပါး ပြုပြင်ခြင်း | ☑ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | ချောင်းတော [illegible] | ☐ မ<br>☑ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ပန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ ၂၆ . ၁၁ . ၁၇

ပြုလုပ်သည့်အချိန် ။ 11 : 00 နာရီ

ကျေးရွာအုပ်စုအမည် ။ ပန်းတော

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ ။ ။ ( 120 ) ကျား + ( 180 ) မ = (300) ပေါင်း

အကြောင်းအရာ ။ ။ ပန်းတောကျေးရွာအုပ်စု ပန်းတောကျေးရွာ ဒုတိယနှစ် စက်ဝန်း ပထမ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး ပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ။ ပန်းတော ကျေးရွာ ဒုတိယနှစ် စက်ဝန်း ပထမ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး တွင် ပန်းတော အုပ်စု အုပ်ချုပ်ရေးမှူး မှ စီမံကိန်း နှင့် ပတ်သက်သော အကျိုးရလဒ် များကို ရှင်းပြပြီး စီမံကိန်း အောင်မြင်ရန်အတွက် ကျေးရွာလူထု ၏ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ် ကြောင်း ပြောကြားသွားပါသည်။

ထို့နောက် လူထု စည်းရုံးရေးမှူး ဒေါ်ညိုညိုဝင်း မှ လူထုဗဟို ပြု စီမံကိန်း၏ ရည်ရွယ်ချက် မှာ နွမ်းပါးသော လူထုကို ဗဟိုပြုပြီ ကျေးရွာ၏ အမှန်တကယ် လိုအပ်သော အခြေခံ အဆောက်အဦး များ ပြုပြင်ခြင်း နှင့် အသစ်တည် ဆောက်ပေး

သော စီမံကိန်း ဖြစ်ကြောင်း နှင့် သဘာဝ အန္တရာယ် နှင့် ရွှေ့ပြောင်းလာပါကလဲ သက်ဆိုင်ရာ ဘဏ်တွင် တာဝန်ရှိသူများကို လွှဲပြန်ရှာ အကူအညီ တောင်းခံနိုင်ရန် ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅) ချက်ကို အသေးစိတ်ရှင်းပြပြီး မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးရွာလူထု ပူးပေါင်းမှ သာ ရပုံငွေ သည် ကျေးရွာ အတွင်း၌ အမြဲတည်စေရန် (၅၀)% ထက်မှ သာ ရရှိမည် ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့ပြင် လက်တွေ့ နည်းပညာ များ ဖော်ဆောင်း သန့်ရှင်းမှုလည်း စီမံကိန်းတွင် ပါဝင်သော အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့် ဖြင့် လုပ်ဆောင် ရကြောင်း ရှင်းပြခဲ့ပါသည်။

ဒုတိယနှစ် စက်ဝန်း အတွက် ကျေးရွာလူမှုဘဏ်းစစ် ခြင်း ပြုလုပ်ရန် အတွက် လူထုစည်းရုံးရေးမှူး ဒေါ်သီရိဥဒိုဝင်းမှ အရေးအကြောင်း ဖြစ်စဉ်ပုံ ၊ ဂုဏ်သိ ရှင်းပြ ပြဇာတ်၊ ပေးပုံစံ ၊ ပင့်ကူ အိမ် ဘဏ်းစစ်ခြင်း၊ ပိုင်ဆိုင်မှု သုံးသပ်ခြင်း နှင့် ဥက္ကာနေ ကြွယ်ဝမှု အဆင့်သတ် မှတ်ချက် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းပြပြီး အမျိုးသားအဖွဲ့၊ အမျိုးသမီး အဖွဲ့ ခွဲ၍ လူမှုဘဏ်းစစ်ချက်များပြုလုပ်ပြီးသော အခါ ပြန်လည် အနှစ်ချုပ် ပေးခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ ။ ဒုတိယအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး ကို ရေလည် မိုင်းတွင် ဆက်လက် လုပ်ဆောင်ရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

Clim

(မှတ်တမ်းတင်သူ)

ဒေါ်ဥဒိုဥဒိုဝင်း

လူထုစည်းရုံးရေးမှူး

လူထုဖော်ဆောင်ပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ပန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ ၂၆ • ၁၁ • ၁၇

ပြုလုပ်သည့်အချိန် ။ 1:30 နာရီ

ကျေးရွာအုပ်စုအမည် ။ ပန်းတော

မြို့နယ်အမည် ။ ကျောက်တံခါး

---

အစည်းအဝေးတက်ရောက်သူ ။ (120) ကျား + (180) မ - (၃၀၀) ပေါင်း

အကြောင်းအရာ ။ ပန်းတောကျေးရွာအုပ်စု ပန်းတောကျေးရွာ ဒုတိယနှစ် စက်ဝန်း ဒုတိယ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ပန်းတော ကျေးရွာ၏ ဒုတိယ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး တွင် လူထုစည်းရုံးရေးမှူး ဒေါ်ညိုညိုဝင်း မှ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရန် အတွက် ယခင်နှစ်က လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များ အကြောင်း ရှင်းပြပြီး ဒုတိယ စက်ဝန်းတွင်လည်း လုပ်ငန်းစဉ် အသစ်များ ပြန်လည် ပြင်ဆင်လိုပါက မဲစနစ် ဖြင့် ပြန်လည် ရွေးချယ် နိုင်ကြောင်း ကို ရှင်းပြခဲ့ပါသည်။ မဲစနစ် ဖြင့် ရွေးချယ်ရာ မဲအများဆုံးရရှိပါကလည်း နည်းပညာ အရ လုပ်ဆောင်ရန် ရှိသော လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျေးရွာလူထုက လုပ်ငန်းစဉ်များ ပြန်လည် ပြင်ဆင်ရန် မလိုအပ်သောကြောင့် ယခင်နှစ်က ဦးစားပေးလိုက် ရွေးချယ်ခဲ့သော ရွာတွင်းလမ်း ပြုပြင် ခြင်းများကို သာ လုပ်ဆောင် သွားမည်

ဖြစ်သော အကြောင်း ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန် ဝတ္တရားများကို ရှင်းပြပြီး ပထမ စက်ဝိုင်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများသည် ဒုတိယ စက်ဝိုင်းတွင်လည်း ဆက်လက်ပြီး ထမ်းဆောင်နိုင်ပါသလား ဟု တစ်ဦးချင်းစီ ကို မေးမြန်းသော အခါ ကော်မတီဝင် အားလုံးက ထမ်းဆောင်နိုင်ကြောင်း ပြန်ကြား၍ လူထုကလဲ သဘောတူညီကြောင်း ပြောဆို ဆွေးနွေး ခဲ့ကြပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ဆိုဆိုဝင်း မှ လုပ်ငန်းစဉ်များကို ပြန်လည် အကျဉ်းချုပ် ဆွေးနွေးချက်များကို အကျဉ်းချုပ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ မာနု ဦးအားပေး အလိုက် ရွေးချယ်ခဲ့သော လုပ်ငန်းစုများကို ကော်မတီများက ဦးဆောင်၍ ကျေးရွာ လူထုနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

Cuin

(မှတ်တမ်းတင်သူ)

ဒေါ်ဆိုဆိုဝင်း

ပျ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ - ၂၆.၁၁.၂၀၁၇ ကျေးရွာ- ပန်းတော VDP ရက်စွဲ - ၂၆.၁၁.၂၀၁၇

မြို့နယ်- ကျောက်တန်း ကျေးရွာအုပ်စု- ပန်းတော

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊